မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၂၂ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၄)

၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့
ကုသိုလ်ကောင်းမှုပြုသူများဖြင့်စည်ကား

ရန်ကုန် မတ် ၂၁

ယနေ့ တပေါင်းလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ဆယ်လပြည့်မြောက်သည့်နေ့ဖြစ်သည်။ ထို့အတူ တောထွက်တော်မူသည့်နေ့မှစတင်ကာ ခုနစ်နှစ်ပြည့်မြောက်သည့်နေ့လည်းဖြစ်သည်။ တစ်ဖန် မြတ်စွာဘုရားရှင်၏ တရားတော်များကို နာကြားရ၍

စာမျက်နှာ ၁၀ ကော်လံ ၄

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲမဟာမင်္ဂလာနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနား ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာကျင်းပ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညို

ရန်ကုန် မတ် ၂၁

“သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏”ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)နှင့် ပဋိပတ္တိတာဝန် (ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်းပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာလှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်လျက်ရှိသည်။ ***ကျော်ဖုံးသို့*** ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မတ် ၂၂ ရက်)

အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက်ဆောင်ရွက်

မြန်မာနိုင်ငံကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေးအတွက် စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် တည်ဆောက်ဖြည့်ဆည်းပေးလျက် ရှိသည်။

နိုင်ငံ့စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ၏အချက်အချာ ဒေသများတွင် စက်မှုဇုန်များ ထူထောင်ခြင်း၊ စက်ရုံအလုပ်ရုံသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း အစီအမံများ ချမှတ်ဖော်ဆောင်ပေးခဲ့သည်။ အဆိုပါ စက်မှုဇုန်များက ယခုအခါ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖြစ်ထွန်းနေပြီဖြစ်သည်။

စက်မှုဇုန်များတွင် အဆင့်မြင့်နည်းပညာများနှင့် ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံဖိစက်ရုံများ ထူထောင်ထားရှိပြီးဖြစ်ရာ သံထည် ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်းများ တိုးတက်လျက်ရှိသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ ပြည်ပသွင်းကုန်လျှော့ချပြီး သွင်းကုန်အစားထိုး လုပ်ငန်းများတိုးပွားကာ လုပ်ငန်းကဏ္ဍအလိုက် ကုန်ထုတ်စွမ်းအားမြင့်မားရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးကိုပါ အလေးထားဆောင်ရွက်ရန် လိုပေသည်။

နိုင်ငံ့တော်နှင့် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ လက်တွဲညီညီ ပူးပေါင်းပါဝင် ကြိုးပမ်းခြင်းဖြင့် နိုင်ငံ၏စီးပွားရေး တိုးပွားစည်ပင်လာမည်ဖြစ်သည်။

အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိရာ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် တစ်မျိုးသားလုံးက လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားရည်မှန်းချက်များ ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အင်ကြင်းမြိုင် ၃လမ်း အမှတ်၂၉/၃၉၂နေ အငြိမ်းစား သံအမတ်ကြီး ဦးသိန်းအောင်-ဒေါ်ခင်သက်၊ဆရာမကြီး ဒေါ်ဝင်းမြင့်သူ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို တိပိဋကကျောင်း အနုနာယကဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်၄၅ မြင်တော်သာလမ်း သာကေတမြို့နယ်နေဦးဌေးအောင် (ပါမောက္ခ-ငြိမ်း)- ဒေါ်သန်းညွန့် (ကျောင်းအုပ်ဆရာမကြီး၊ငြိမ်း) တို့၏ မြေး-ပွင့်ဖြူဖြူသန့်(ခ)မီးမီး (ဟောင်ကောင်)၏ လေးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၅ ၄။ ကျန်းမာသုတ
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မာယာရထား** (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်)
၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၅၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၉။ နိုင်ငံတကာသတင်း
၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅ ၁၂။ လျှပ်တစ်ပြက်
၇း၀၀ ၁၃။ **(၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သားကောင်းမိခင် (ပထမပိုင်း)** လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ ထွန်းထွန်း(Examplez)၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း၊
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ လူရွှင်တော်ရွှေဖလား
၁၈။ **(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် သားကောင်းမိခင် (ဒုတိယပိုင်း)** လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ ထွန်းထွန်း(Examplez)၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း၊

ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် စုပေါင်းဝတ်ပွဲနှင့် ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၁

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာ မှိုင်းညို့ညို့တောရ ပဓာနနာယက ဆရာတော် ဝနဝါသီအရှင်ဝါသေဋ္ဌာဘိဝံသသည် ရဟန်း၊ ရှင်သာမဏေ အပါး၂၀၀နှင့် သီလရှင်အပါး၂၀၀ စုပေါင်းဝတ်ပွဲနှင့် အဆိုပါ ရှင်သာမဏေ၊ သီလရှင်များအတွက် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားစခန်းကိုဖွင့်လှစ်သွားမည်ဖြစ်သည်။ ရဟန်း၊ရှင်သာမဏေဝတ်ပွဲကို (၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ရက်) ဧပြီ၃ရက် (ကြာသပတေးနေ့)နှင့် သီလရှင်ဝတ်ပွဲကို (၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော်၁၄ရက်) ဧပြီ ၄ရက် (သောကြာနေ့)တို့တွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်ရန်အတွက် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များသည် ဧပြီ၄ရက် ညနေ၅နာရီအရောက် ဦးစိုးမော်(မုတ္တမမြို့)၊ ဖုန်း-၀၉-၅၃-၂၀၅၇၉၊ ၀၉-၅၃-၂၀၅၇၅တို့သို့ ဆက်သွယ်ပြီး ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သဲအင်းဂူ (မှော်ဘီ) သင်္ကြန်တရားစခန်းနှင့် ဓာတ်တော်ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၁

နှစ်စဉ် ကျင်းပမြဲ ဖြစ်သော သဲအင်းဂူ(မှော်ဘီ)သင်္ကြန်အထူးအဓိဋ္ဌာန်တရားစခန်းကို ဧပြီ ၉ရက် မှ ၁၇ရက် (နှစ်ဆန်းတစ်ရက်အထိ) ကိုးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် မှတ်ပုံတင်များ ယူဆောင်၍ ဧပြီ ၈ရက်အရောက် လာရောက်ကြရန်နှင့် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ မျက်လုံးတော်မှ ကြွင်းကျန်ရစ်သော လက်ဝဲလက်ယာ မျက်ရှင်တော်(ဓာတ်တော်)များကိုလည်း ဧပြီ ၁၃ရက် (သင်္ကြန်အကျနေ့)မှစ၍ နှစ်ဆန်းတစ်ရက်နေ့ နံနက် ၈နာရီအထိ ပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာသီရိလင်္ကာရာမကျောင်းတိုက် သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၌ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တဉာဏိန္ဒ ပျံလွန်တော်မူသည့် သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် သင်္ကြန်တွင်း တရားစခန်းပွဲ ကျင်းပ၍ တရားဖြင့် ပူဇော်ကြမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဧပြီ ၁ရက်မှ ၇ရက်အထိ မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက်သို့ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် တရားဝင် ယောဂီများအတွက် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲအလှူများနှင့်အတူ ဝေယျာဝစ္စအတွက် ကုသိုလ်ပါဝင်လိုသော စေတနာရှင်များသည် မြန်မာသီရိလင်္ကာရာမ ကျောင်းတိုက် ဖုန်း-၀၉-၅၀-၂၀၉၃၇ နှင့် ၀၁-၅၄၉၇၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မိတ္ထီလာဆရာတော် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် မတ် ၂၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်နယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ နှစ်စဉ်ကျင်းပအပ်သော မဟာသင်္ကြန် အထူးတရားစခန်းပွဲကို ဧပြီ၁ရက်မှ ၁၇ရက် (တန်ခူးလဆန်း ၆ရက်မှ၁၂ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးတွင် မိတ္ထီလာဆရာတော်အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ကျောင်းသစ်ကျောင်းပဓာနနာယက ဘဒ္ဒန္တပညာစာရက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ

ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏဆရာတော်များနှင့် လူပုဂ္ဂိုလ်များ ညီညီညွတ်ညွတ်ဆင်နွှဲခဲ့၍ ပရိယတ်၊ ပဋိပတ်သာသနာတော်နှစ်ရပ် အရှည်တည်တံ့တိုးတက်နေခြင်းဖြစ်

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ ဖတ်ကြားတော်မူသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ မဟာထေရ်အရှင်မြတ်၏ သမ္မောဒနီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဤဩဝါဒကထာကို မြန်မာပြည်၌ သီတင်းသုံးနေကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၏–

၁။ သာသနာတော်ကြီးကို အရှည်တည်တံ့အောင် အမှန်ကန်ဆုံး ဆောင်ရွက်ခဲ့ခြင်းအကြောင်းနှင့်

၂။ သံဃာတော်များ ညီညွတ်ခဲ့ခြင်းအကြောင်းဟူသော ဤအကြောင်းနှစ်ပါးကို အဓိကထား၍ ပြောကြားပါမည်။

ပရိယတ္တိသာသနာ မှန်ကန်စွာဆောင်ရွက်ခဲ့ပုံမှာ–

၁။ ဗုဒ္ဓမြတ်စွာ ပရိယတ္တိ သာသနာတော်ကြီးကို မြန်မာပြည်၌ သီတင်းသုံးနေတော်မူကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော်၊ သံဃာတော်တို့သည် ပရိယတ္တိ သာသနာတော်ကြီး အရှည်တည်တံ့အောင် အမှန်ကန်ဆုံး ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာပြည်လွတ်လပ်ရေး ရပြီးသောအခါမှစ၍ ယခုတိုင်အောင် နှစ်စဉ် ပထမပြန်စာမေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ ထို့နောက် ဓမ္မာစရိယစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ ဆဋ္ဌသံဂါယနာတင်နိုင်ခဲ့ခြင်း၊ တိပိဋကစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ ပြည်နယ်/တိုင်း အသီးသီးတို့၌ ဝိနည်းစာပြန်ပွဲ၊ ဝိနည်းစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်နိုင်ခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့အောင်၊ အမှန်ကန်ဆုံးဖြစ်အောင် ပရိယတ္တိသာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ပဋိပတ္တိသာသနာ မှန်ကန်စွာဆောင်ရွက်ခဲ့ပုံမှာ–

၂။ ဗုဒ္ဓမြတ်စွာ၏ ပဋိပတ္တိသာသနာတော်ကို မြန်မာပြည်၌ သီတင်းသုံးနေတော်မူကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော်၊ သံဃာတော်တို့သည် ပဋိပတ္တိသာသနာတော်ကြီး အရှည်တည်တံ့အောင်၊ အမှန်ကန်ဆုံး ဖြစ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာပြည်သို့ သာသနာတော် ရောက်သည်မှစ၍ ယနေ့ကျအောင် ပဋိပတ္တိသာသနာတော်အတွက် ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ ပဋိပတ္တိသာသနာ အရှည်တည်တံ့အောင်၊ မှန်ကန်အောင်၊ ကမ္ဘာသို့ ပျံ့နှံ့သွားအောင် ဆောင်ရွက်နေကြသော ရိပ်သာများမှာ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၊ မိုးကုတ်ရိပ်သာ၊ မင်းကွန်းရိပ်သာ၊ ဦးဘခင်ရိပ်သာ၊ ဦးဂိုအင်ကါ ရိပ်သာစသည်တို့ ဖြစ်ပါသည်။ ဤရိပ်သာများမှ ဆောင်ရွက်ခြင်း တို့သည် မှန်ကန်သော ဆောင်ရွက်ခြင်းဖြစ်၍ ကမ္ဘာသို့ပျံ့နှံ့သွားခြင်း ဖြစ်ပေသည်။

ယခုလို အလုပ်ကလည်း မှန်ကန်၍ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏ ဆရာတော်များနှင့် လူပုဂ္ဂိုလ်တို့ကလည်း ညီညီညွတ်ညွတ် ဆောင်ရွက်ကြလို့ပင် ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံး အရှည်တည်တံ့တိုးတက်နေခြင်း ဖြစ်ပေသည်။ ။

❒ ကျော်ဖုံးမှ

ခမ်းနားထည်ဝါ

ထို့သို့ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါစည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟသာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြသည်။

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော်အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊

ဒုတိယဝန်ကြီးများ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်နှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဈေးမိ၊ဈေးဖများ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ရရှိကြသည့် ပြည်တွင်းပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့် ဒါယကာ ဒါယိကာမများနှင့် အလှူရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

တီးမှုတ်ဖျော်ဖြေ

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားမစတင်မီ နံနက် ၁၁နာရီမှစတင်၍ နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများဖြင့် တီးမှုတ်ဖျော်ဖြေသည်။

ထို့နောက် နံနက် ၁၁နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးရှိ နားနေခန်းသို့ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာနုဂ္ဂဟဘွဲ့ရ လူပုဂ္ဂိုလ်များအား မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ယင်းနောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး တောင်ဘက်မုခ်ဦးမှစတင်၍ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က အောင်သပြေစိုက် ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမြတ်သူက ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက ကွမ်းတောင်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူးဦးခင်မောင်ဝင်းက နိုင်ငံတော်သံဃမဟာနာယက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း ပင့်ဆောင်လာကြသည်။

ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပင့်ဆောင်

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက တိပိဋကဓရ တိပိဋကကောဝိဒ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးဦးမြင့်နိုင်က အဘိဓဇမဟာရဋ္ဌဂုရု ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးသုံးပါးတို့အား ပင့်ဆောင်လာသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွှန့်က အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးခြောက်ပါးတို့အား ပင့်ဆောင်လာသည်။ ***စာမျက်နှာ ၇ ကော်လံ ၁ သို့***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က အဂ္ဂမဟာပဏ္ဍိတ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော် ၂၈ပါးတို့အား ပင့်ဆောင်လာသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်းက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီး ၃၄ပါးတို့အား ပင့်ဆောင်လာပြီး ဌာနမှူး ဦးထွန်းညွှန့်က ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။
(သတင်းစဉ်)

ဂါရဝပြုကြည်ညို

ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဘွဲ့ သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင် မဟာပါသာဏလိုဏ်ဂူတော် သိမ်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ်တို့ကလည်း ဆရာတော်ကြီးများအား လက်အုပ်ချီမိုးလျက် ဂါရဝပြု ကြည်ညိုကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ထို့နောက်မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် တေးသံရှင် အိအိချွန်က မြန်မာ့စောင်းနှင့်တွဲဖက်လျက် ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီး သီဆိုပူဇော်မှုအပြီးတွင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လည်ရှိ ခေါင်းလောင်း၁၀၈လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ်တိုင် ထိုးခတ်ပူဇော်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။
(သတင်းစဉ်)

အခမ်းအနားဖွင့်

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဩဝါဒကထာ

ယင်းနောက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၏ သမ္မောဒနီယဩဝါဒကထာကို နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက ဖတ်ကြားတော်မူသည်။

(ဆရာတော်ကြီး၏ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဩဘာသနှင့် နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။
(သတင်းစဉ်)

ဘဒ္ဒန္တကဝိသာရတို့အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသော ကယားပြည်နယ် လွိုင်ကော်မြို့ တောင်မော့သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသနှင့် မန္တလေးတိုင်း ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အောင်မြေချမ်းသာရကျောင်းတိုက် မဟာဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ မြကျောင်နာယကကျောင်း ဆရာတော် ဘဒ္ဒန္တဝါသဝနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စံမိတော်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တသုမနတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။
(သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးတို့အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ခြောက်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မဇောတိကဓဇနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

သာသနာ့နွယ်ဝင်သီလရှင်

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော် အေးချမ်း

စာမျက်နှာ ၈ ကော်လံ ၁

စာမျက်နှာ ၇ မှ

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ သာသနမဏ္ဍူ ယင်းမာမြိုင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဟေမာရီ၊ ပဲခူးတိုင်း ပဲခူးမြို့ တေဘာတိကာရာမ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်စန္ဒာရီ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ ပရိယတ္တိစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်မိတ္တာထေရီနှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သာသနမဏ္ဍရီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကေသာရီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မဟာဗိုလ် ပရိယတ္တိစာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မာရီ၊ ကချင်ပြည်နယ် မိုးကောင်းမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု စန္ဒာရာမသီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ဆံတော်ရှင်တိုက် ဇေယျဝတီကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ရူပထေရီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဆွမ်းဆန်စိမ်းလောင်းလှူ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းက မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း ကသာမြို့ ဗုဒ္ဓရိပ်သာချောင်တောင်ပေါ်ကျောင်းတိုက်မှ ဒေါ်ဣန္ဒသီရီ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် သဒ္ဓမ္မပါလသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုလဉာဏီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် သာသနာ့ဗိမာန်ချောင်မှ သီလရှင်ဆရာကြီး ဒေါ်ဣန္ဒသိင်္ဂီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ဇနီး ဒေါ်အေးအေးတို့က သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

အဆောင်အယောင်အပ်နှင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ ဦးနိုင်ဦး (မိဘာရိပ်)၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးဘိုကြီးနှင့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဦးစိုးဟန်လင်းတို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှ ဦးညွန့်ဋ္ဌေး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်မှ ဦးဇော်မင်းဇင်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)သာယာဝတီမြို့နယ်မှ ဦးခင်မြင့်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

သာသနာနုဂ္ဂဟဘွဲ့တံဆိပ်အပ်နှင်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဦးကြည်လွင်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးဘခန့်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးတင်ဝင်းတို့အားလည်းကောင်း၊ သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့မှ ဦးဘိုကြီး(ခ) ဦးအောင်ငွေ၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ဦးတင်အောင်နှင့် ရန်ကုန်တိုင်း သာကေတမြို့နယ်မှ ဦးအောင်မွန်တို့အားလည်းကောင်း သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က သုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ်(အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တို့ကို အပ်နှင်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့ နယ်မှ ဒေါ်ဒေါ်ကြင်၊ ရန်ကင်းမြို့နယ်မှ ဒေါ်ခင်နန်းမွန်နှင့် သန်လျင်မြို့နယ်မှ ဒေါ်အေးအေးခန့် (ခ) ဒေါ်ခင်စန်းကြည်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဘွဲ့တံဆိပ်အပ်နှင်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ခင်ခင်ဝင်းက အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဒေါက်တာ

ဘွဲ့တံဆိပ်တော်ဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း သီလရှင် ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒေါ်မြတ်မြတ်အုန်းခင်နှင့် အင်းစိန်မြို့နယ်မှ ဒေါ်ခင်မိမိလှိုင်တို့အားလည်းကောင်း၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့မှ ဒေါ်ရင်ကြွေနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်မှ ဒေါ်မြင့်မြင့်တို့အားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၏ဇနီး ဒေါ်ခင်စောနှင်းက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ ဒေါ်သန်းသန်းနွဲ့၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဒေါ်မြသိန်း(ခ)ဒေါ်အမာစိန်နှင့် ဗဟန်းမြို့နယ်မှ ဒေါ်သန်းသန်းစိန်တို့အားလည်းကောင်း၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ဒေါ်ဆွေသဇင်နှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ ဒေါ်နုနုငယ်တို့အားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီးဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ဇနီး ဒေါ်အေးအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၏ဇနီး ဒေါ်ခင်သန့်စင်တို့က သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်များရရှိကြသည့် လူပုဂ္ဂိုလ်(အမျိုးသမီး)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို အပ်နှင်းကြသည်။

အားရဝမ်းမြောက်

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ လွန်ခဲ့သော နှစ်ပေါင်း၅၀ကျော်က သာသနာ့သမိုင်းဝင် ဆဋ္ဌသံဂါယနာ မဟာသန္နိပါတအခမ်းအနားကြီး ကျင်းပခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကြီးကို ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့်တကွ ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရတော်မူသော ထေရ်သံဃာအပေါင်းတို့အား ဖူးမြော်ကြည်ညိုရပါသဖြင့် ကုသိုလ်ဇောမနသီ ရွှင်ကြည်အားရ ဝမ်းမြောက်လှပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ဗုဒ္ဓဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပထမဝါကပ်ဆို၍ ဝါကျွတ်ပြီးနောက် သာသနာပြုဒေသစာရီခရီးကို ဖြန့်ကြက်ကြွချီတော်မူခဲ့ရာ ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ ရောက်ရှိပြီး တပေါင်းလပြည့်နေ့အထိ နှစ်လအတွင်း အင်္ဂတိုင်းသား၊ မဂဓတိုင်းသား အမျိုးကောင်းသား တစ်သောင်းကျော်တို့အား တရားဟောချွတ်၍ ကျွတ်တမ်းဝင်စေခဲ့ပါကြောင်း၊ ထိုကျွတ်တမ်းဝင် ရဟန္တာအရှင်သူမြတ်များတွင် ဗုဒ္ဓဘုရားရှင်၏ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ပါရန် အဆင့်ဆင့်စေလွှတ်ပင့်လျှောက်ခဲ့ကြသည့် လျှောက်ထားပင့်ဆောင်ရေးအဖွဲ့သုံးဖွဲ့မှ သာကီဝင်မင်းသားများလည်း ထပ်ပေါင်းပါဝင်နိုင်ပါကြောင်း၊ နောက်ဆုံးအကြိမ် ဘုရားရှင်၏ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို ဦးဆောင် စေလွှတ်လိုက်မှ ယခင်အမတ်များနည်းတူ ရဟန္တာဖြစ်သွားသော ကာဠုဒါယီ မထေရ်က တပေါင်းသာခေါင် လများနောင်ဟု ခေါ်ဆိုလောက်သည့် တပေါင်းလ၏ သာယာဖွယ် အထူးထူးကြည်နူးဖွယ် အဖုံဖုံတို့ကို နားဝယ်မငြီး ရလောက်အောင် ဂါထာပေါင်းခြောက်ဆယ်တို့ဖြင့် သီကုံးလျှောက်ထားခဲ့ပြီး ဗုဒ္ဓဘုရားရှင်အား ကပိလဝတ်နေပြည်တော်သို့ ပင့်ဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာလူမျိုးတို့၏ ၁၂လရာသီပွဲတော်များအနက် တပေါင်းလပြည့်နေ့တွင် သဲပုံစေတီပူဇော်ပွဲ၊ ဗုဒ္ဓပူဇနီယပူဇော်ပွဲများနည်းတူ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင် အခါတော်နေ့ဟူ၍ ကျင်းပပူဇော်လေ့ရှိကြသည်ကို တွေ့ရှိနိုင်ပါကြောင်း။

အခါထူး အခါမြတ်

ယခုကဲ့သို့ ရွှက်ဟောင်းကျကြွေ ရွက်နုဝေသည့် ဆောင်းနွေကူးပြောင်း တပေါင်းသာစွ ခါသမယတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ယနေ့ကျင်းပကြခြင်းဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခါထူး အခါမြတ် ဖြစ်ပါကြောင်း၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုခြင်း၊ ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းသည် "ပူဇာစ ပူဇနေယျာ" မင်္ဂလာနှင့် ပြည့်စုံခြင်းဖြစ်၍ ကောင်းမြတ်လှပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း သီလရှင်ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားရှင် လက်ထက်တော်အခါက လည်း မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတော်များနှင့် ဘိက္ခုနီများ၊ ဒါယကာ ဒါယိကာမတို့အား အများတကာထက် ထူးကဲသာလွန်သည့် စွမ်းဆောင်နိုင်မှု ဂုဏ်ရည်ကို အကြောင်းပြုပြီး **"ဧတဒဂ်"** ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူခဲ့ပါကြောင်း၊ ယင်းသို့ ချီးမြှင့်တော်မူရာတွင် ပညာအရာသာလွန် ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပညာဝန္တ ဧတဒဂ်ဘွဲ့၊ တန်ခိုးအရာ၌ သာလွန်ထူးချွန်သော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်ကြီးအား ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့၊ တရားဟောရာ၌ သာလွန်ထူးချွန်သော အရှင်မ ဓမ္မဒိန္နာအား ဓမ္မကထိက ဧတဒဂ်၊ ဝိနည်းအရာ၌ သာလွန်ထူးချွန်သော အရှင်မပဋာစာရီထေရီအား ဝိနယဓရဧတဒဂ်၊ အလှူဒါန ပြုရာ၌ သာလွန်ထူးချွန်သော အနာထပိဏ်သူဌေးကြီးအား ဒါယကာဧတဒဂ်၊ လူနာများကို ပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာအမျိုးသမီးအား ဂိလာနုပဋ္ဌာကီဧတဒဂ် စသည်ဖြင့် အရာဌာန အားလျော်စွာ ဧတဒဂ် ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်အပ်နှင်းတော်မူခဲ့ရာ ရဟန္တာမထေရ် ၄၁ ပါး၊ ရဟန္တာထေရီ

ငါးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)

၁၃ ပါး၊ အမျိုးသား(ဥပါသကာ) ၁၀ ဦးနှင့် အမျိုးသမီး(ဥပါသိကာ) ၁၀ ဦးတို့ ဧတဒဂ်ဘွဲ့ထူးများ ရရှိခဲ့ကြကြောင်း ကြားနာမှတ်သားရဖူးပါကြောင်း။

သီဟိုဠ်ကျွန်းနိုင်ငံတွင်လည်း သာသနာပြု သီဟိုဠ်မင်းများက စာပေကျမ်းဂန်တတ်ကျွမ်းသော ဆရာတော်ကြီးများအား **"သံဃရာဇာ၊ မဟာသာမိ ကဝိစက္ကဝတ္တိ"** စသည့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြပါကြောင်း။

အစဉ်အလာဆက်ကပ်

မြန်မာနိုင်ငံတော်တွင်လည်း ပုဂံခေတ် သာသနာပြုမင်းများက **"အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝိလာသ၊ ဒီသာပါမောက္ခ"** စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ ပင်းယခေတ်သာသနာပြုမင်းများက **"သီရိမဟာတုရဂ်ဇလ သုဓမ္မမဟာသာမိ"** စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ် သာသနာပြုမင်းများက **"ရာဇဂုရု၊ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ပထမစာချ၊ ဒုတိယစာချ"** စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်လည်း ရှေးအစဉ်အလာ ဆက်ကပ်ခဲ့သည့် **"အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြပါကြောင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် ယခင်ရှိနှင့်ပြီး ဘွဲ့တံဆိပ်တော်

ဆွမ်းဆန်စိမ်း လောင်းလှူ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်းစဉ်)

နှစ်ခုအပြင် သာသနာတော်ဆိုင်ရာ ကဏ္ဍအစုံပါဝင်သည့် ဘွဲ့တံဆိပ်တော်အမျိုး (၂၀) တို့ကို တိုးထွင်ပြဋ္ဌာန်း၍ ဆက်ကပ်အပ်နှင်းလာခဲ့သည်မှာ ၁၉၉၂ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နှစ်ပေါင်း ၁၆နှစ်အတွင်း ရဟန်းသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်၊ အမျိုးသား၊ အမျိုးသမီးပေါင်း ၄၂၆၃ ဦး ရှိခဲ့ပြီဖြစ်ပါကြောင်း။

ယခု ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၄ရက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ(၁/၂၀၀၈)ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ—

- အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီး (၃) ပါး
- အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၆) ပါး
- အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် (၂၈) ပါး
- သာသနာပြု ဘွဲ့တံဆိပ်တော်ရဆရာတော် (၁၀၃) ပါး
- ဓမ္မကထိက ဘွဲ့တံဆိပ်တော်ရဆရာတော် (၈) ပါး
- ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရဆရာတော် (၃၁) ပါး
- စာချ ဘွဲ့တံဆိပ်တော်ရဆရာတော် (၁၅၆) ပါး
- စာချ ဘွဲ့တံဆိပ်တော်ရ သီလရှင် (၁၄) ပါး
- သာသနာပြု ဘွဲ့တံဆိပ်တော်ရ သီလရှင် (၆) ပါး
- သာသနာပြု ဘွဲ့တံဆိပ်တော်ရ အမျိုးသား (၃) ဦး
- သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသား (၃၆) ဦး
- သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ အမျိုးသမီး (၄၄) ဦး

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရပုဂ္ဂိုလ် ၄၃၈ ဦးဖြစ်ပါကြောင်း။

လေးစားတန်ဖိုးထား

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော်အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိုအလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတဓရဂုဏ်၊ တရားတော်များကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကိုရည်မှန်း၍လည်းကောင်း၊ သာသနာနွယ်ဝင်သီလရှင်ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ၊ ဥပါသိကာ၊ အမျိုးသား အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာ၊ သဒ္ဓါထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍ လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် အပ်နှင်းပူဇော်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော်အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့်တကွ စေတနာရှင်၊ အလှူရှင်များနှင့်ဝေယျာဝစ္စဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုအဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါကြောင်းနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့ ဆရာ ဒကာလက်တွဲညီညာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုးပွားတိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိက စေတနာရှင် အလှူရှင်များက သတ်မှတ်နေရာ အသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရား ထက်သန်စွာဖြင့် လောင်းလှူကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ယင်းသို့ ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူကြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင်ပြည်သူ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူကြစဉ်။ (သတင်းစဉ်)

များသည် မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်းတစ်လျှောက် ဝိဇယမင်္ဂလာဓမ္မသဘင်အနောက်ဘက်မှ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အနောက်ဘက်မုခ်လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဝင်လမ်းတစ်လျှောက်တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှနေ၍ စုစုပေါင်း ငွေကျပ် ၅၆၀၉၃၀၈၂ တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကားသိုက်မြိုက်စွာ ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါန အောင်ပွဲသဘင်မှ ကောင်းချီးနမော် သာဓုခေါ်သံများ ဘဝဂ်လျှံအောင် ပျံ့လွှင့်လျက်ရှိသည်။ **(သတင်းစဉ်)**

မူလမင်းကွန်းသင်္ကြန် ၁၀ ရက်တရားစခန်း

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ် ၂လမ်းရှိ မူလမင်းကွန်းဓမ္မရိပ်သာ၌ ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်ရာ စခန်းဝင်လိုသော ယောဂီများသည် ဖုန်း- ၅၄၇၂၈၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပြီး ဧပြီ၁၀ရက် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားသည်။

(က-ပ)

သီတဂူဆရာတော် တရားပွဲများကျင်းပမည်

ရန်ကုန် မတ် ၂၁

စစ်ကိုင်းမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ မဟာဓမ္မကထိကဆရာတော် ဒေါက်တာဦးဉာဏိဿရသည် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ နှစ်စဉ်ကြွရောက် ချီးမြှင့်နေကျဖြစ်သော တရားပွဲများကို ကျင်းပမည်ဖြစ်ရာ တပေါင်းလပြည့်ကျော်၄ရက်တွင် မင်းကင်းမြို့၌လည်းကောင်း၊ ၅ရက်တွင် ကလေးမြို့၌လည်းကောင်း၊ ၆ရက်တွင် တမူးမြို့၌လည်းကောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တပေါင်းလပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ကုသိုလ်ယူသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

■ **ရှေ့ဖုံးမှ**

ဖွားဖက်တော် ကာဠုဒါယီအမတ်နှင့် တကွ တစ်ထောင်သောအမတ်တို့ ရဟန်းအဖြစ်ရောက်ရှိခဲ့သောနေ့လည်း ဖြစ်ကာ ခမည်းတော်ရှိရာ ကပ္ပိလဝတ်နေပြည်တော်သို့ ပထမဆုံးကြွရောက်တော်မူသောနေ့လည်းဖြစ်သည်။

စည်ကားသိုက်မြိုက်

ထိုသို့သော နေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီလဆောက်တည်ကြသူ၊ အလှူဒါနပြုကြသူနှင့် ဘုရားဖူးလာကြသူများဖြင့်စည်ကားလျက်ရှိသည်ဖြစ်ရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်အခါသမယကို ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ခုလုံးတွင် ဘုရားဖူးလာကြသူ၊ သီတင်းသီလဆောက်တည်နေကြသူများ၊ အလှူဒါနပြုကြသူများဖြင့်စည်ကားသိုက်မြိုက်လျက်ရှိနေသည်ကိုတွေ့ရသည်။ ရင်ပြင်တော်ပေါ်တွင် ရွှေတိဂုံစေတီတော်အားလှည့်လည်ဖူးမြော်နေကြသူများကားကြိတ်ကြိတ်တိုးလျက်ရှိပြီး စောင်းတန်းအသီးသီးတွင် အစားအသောက် အလှူအတန်းပြုနေသူများကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရသည်။

ရွတ်ဖတ်ပူဇော်

ရွှေတိဂုံစေတီတော်၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်အကြိုအဖြစ် အသံမစဲ ပဋ္ဌာန်းပွဲများကိုလည်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ရာသီဥတုသာယာသဖြင့် တပေါင်းလပြည့်နေ့ ဘုရားဖူးလာသူများမှာ ရွှေတိဂုံရင်ပြင်တစ်ခုလုံး ပြည့်လျက်ရှိပြီး ဘုရားရှိခိုးသံ၊ အမျှဝေသံတို့ဖြင့် ပြည့်လျှံလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှုကို ကြည်နူးအားရဖွယ်ရာ တွေ့မြင်ရသည်။

ဗိုလ်တထောင်စေတီ

ဗိုလ်တထောင်စေတီတော်တွင်လည်း နံနက်အရုဏ်တက်မှ စတင်ကာ ဘုရားဖူးများ တဖွဲဖွဲလာရောက်လျက်ရှိပြီး ရင်ပြင်တော် တစ်ခုလုံး ဘုရားဖူးများဖြင့် ပြည့်လျက်ရှိသည်ကို တွေ့ရသည်။

ရွှေဘုန်းပွင့်စေတီတော်

ရွှေဘုန်းပွင့် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါ စေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ မြသိန်းတန်စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆွမ်းဆန်တော်လောင်းလှူ

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၀၈ပါးနှင့် သီလရှင် ၂၉ပါး စုစုပေါင်း ၁၃၇ပါးတို့အား အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကိုလောင်းလှူကြသည်။

ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးတင်ပူဇော်ပွဲကို နံနက်အရုဏ်တက်ချိန်တွင် ယင်းစေတီတော်ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

စည်ကား

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ တန်ဆောင်းများ၌ ဥပုသ်သီတင်းဆောက်တည်သူ၊ တရားဘာဝနာပွားများသူ၊ အလှူဒါန ပြုသူနှင့် ဘုရားဖူးလာပြည်သူတို့ဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၇)ရပ်ကွက် လမ်းမတော်လမ်း အမှတ် ၁၆၅(မြေညီထပ်)တွင် ယနေ့ည ၈နာရီ ၄၅မိနစ်က မီးလောင်မှု ဖြစ်ပွားသည်။ ဖြစ်ပွားရာသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက မီးသတ်ယာဉ် ၃၈စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြရာ ည၁၀နာရီ မိနစ်၅၀တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၀၈ တပ်မတော်ခန်းမ၌ မတ် ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပမည်

ရန်ကုန် မတ် ၂၁

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA)တို့ ပူးပေါင်းစီစဉ်သော မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ -၂၀၀၈ (Myanmar ICT Exhibition 2008) ကို မူလကျင်းပမည့် မတ် ၂၁ရက်အစား မတ် ၂၃ရက်မှ ၂၅ရက်အထိ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ပြသထား

အဆိုပါ နည်းပညာပြပွဲတွင် ပြည်တွင်းကုမ္ပဏီနှင့် လုပ်ငန်း ၉၀တို့မှ နိုင်ငံတကာအသိအမှတ်ပြု အမှတ်တံဆိပ်ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Networking ဆိုင်ရာ နည်းပညာအသစ်အဆန်းများ၊ Software Solution များ၊ ကွန်ပျူတာဆိုင်ရာသင်တန်းများ၊ စာအုပ်စာတမ်းများကို ပြသထားမည်ဖြစ်ပြီး ပြပွဲကာလအတွင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၁

အထက(၂) လမ်းမတော် ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဆိပ်ကမ်းမြို့နယ် ဝါးတန်းဆိပ်ကမ်းရှိ U Can (ရေပေါ်ဟိုတယ်)၌ ကျင်းပမည်ဖြစ်သည်။

အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် အဝေးရောက် ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က-ပ)

✻ ကျောဖုံးမှ

ထို့ကြောင့် ‘‘**သစ္စာမော်ကွန်း**’’ ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးခဲ့သူ ဒါရိုက်တာနှင့်သရုပ်ဆောင်အချို့ကို တွေ့ဆုံကာ ပါဝင်ရိုက်ကူးခဲ့မှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ‘‘**သစ္စာမော်ကွန်း**’’ ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ညိုမင်းလွင်နှင့်တွေ့ဆုံမေးမြန်းခဲ့ရာ ‘‘ဒီဇာတ်ကားကို ရိုက်ကူးခဲ့တဲ့နေရာမှာ တပ်မတော်သားတွေရဲ့ဘဝကိုတကယ်ကိုယ်စားပြုပြီး ရိုက်ကူးခဲ့တာဖြစ်သလို တပ်မတော်သားတွေရဲ့ ဘဝကို မြင်တွေ့ ခံစားစေချင်လို့လဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ အချစ်၊ တပ်မတော်သားဘဝနဲ့ တိုက်ပွဲတွေ ပါဝင်ပြီး နေရာမျိုးစုံမှာ ရိုက်ကူးခဲ့တာဖြစ်တယ်’’ဟု ဒါရိုက်တာ ညိုမင်းလွင်က ပြောပြသည်။

သရုပ်ဆောင် မင်းဟိဏ်း

တပ်ကြပ်ကြီး တစ်ဦး အဖြစ် အားထည့် သရုပ်ဆောင်ထားပါတယ်။

ရုပ်ရှင်သရုပ်ဆောင် မင်းဟိဏ်း

တပ်မတော်သား ဘဝ

တပ်မတော်သားတွေရဲ့ ဘဝကို မြင်တွေ့ခံစားစေချင်လို့ပါ။

ဒါရိုက်တာ ညိုမင်းလွင်

ရှင်းပြ

ဒီဇာတ်ကားကို ရိုက်ကူးခဲ့သည့်နေရာများနှင့် ပတ်သက်ပြီး မေးမြန်းသည့်အခါ ‘‘တောင်ကြီး၊ ဗထူးနဲ့သန်လျင်တို့မှာ သွားရောက်ရိုက်ကူးခဲ့ပြီး တောင်ကြီးတက္ကသိုလ်မှာ ဗိုလ်ကြီးနေဦး(သူထူးစံ)နဲ့ နန်းရွှေကြာနု (သက်မွန်မြင့်)တို့ရဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝ၊ ဗထူးမှာတော့ ဒီဇာတ်ကားရဲ့ ၇၀ရာခိုင်နှုန်းလောက် ရိုက်ကူးခဲ့ပြီး သန်လျင်မှာ ဇာတ်သိမ်းတိုက်ပွဲနဲ့ လက်ကျန် အခန်းတွေ ရိုက်ကူးခဲ့ပါတယ်’’လို့ ဒါရိုက်တာ ညိုမင်းလွင်က ဆက်ပြီးရှင်းပြသည်။

ပီပြင်စွာ

ထို့အပြင် သောင်းကျန်းသူစခန်းတစ်ခုကို တိုက်ခိုက်သည့်အခါ တပ်မတော် အရာရှိ၊ အကြပ်၊ တပ်သားများအားလုံးကို ကိုယ်စားပြုပြီး ရိုက်ကူးခဲ့သည့်အပြင် တပ်မတော်သားလေးငါးခြောက်ဦး အသက်ရှင်ဖို့ တပ်မတော်သားတစ်ဦးက စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ပုံများကိုလည်း ပီပြင်စွာ ရိုက်ကူးခဲ့ကြောင်း သိရသည်။

တိုက်ပွဲများ

တိုက်ပွဲများ ရိုက်ကူးရာတွင်လည်း ‘‘တိုက်ပွဲအခန်းတွေ ရိုက်ကူးခဲ့တဲ့အခါမှာ ပုံစံလေးမျိုးနဲ့ ရိုက်ကူးခဲ့ပြီး မိုင်းရှာတိုက်ပွဲကို စိတ်လှုပ်ရှားစရာကောင်းအောင်၊ ဖောင်ဖျက်တိုက်ပွဲရိုက်ကူးတဲ့အခါ တကယ့်ဖြစ်ရပ်နှင့် ထပ်တူကျအောင်နဲ့ ကြည့်လို့ကောင်းအောင်လည်း ရိုက်ကူးခဲ့ပါတယ်။ နောက်ပြီး ရွာတိုက်ပွဲတွေဆိုလည်း လက်တွေ့တိုက်ပွဲတစ်ခုကို မြင်တွေ့နေရသလို ရိုက်ကူးခဲ့တဲ့အပြင် ဇာတ်သိမ်းတိုက်ပွဲဆိုရင်လည်း တစ်ဖက်နဲ့တစ်ဖက် အပစ်အခတ်တွေကြားမှာ တပ်မတော်သားတွေ တစ်ဦးနဲ့ တစ်ဦး သံယောဇဉ်ရှိမှု၊ သစ္စာရှိမှုနဲ့ အနစ်နာခံမှုတွေကို ထင်သာမြင်သာအောင် ရိုက်ကူးထားပါတယ်။ ဒါ့အပြင် ဒီဇာတ်ကားဟာ ကျွန်တော့်ရဲ့ ပထမဆုံး တပ်မတော်နေ့ ရိုက်ကူးတဲ့ကားဖြစ်ပြီး အချိန်၊ လုပ်အား၊ အနုပညာအကုန်ပေးပြီး ရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ ဒီဇာတ်ကားကို တကယ်ကြည့်လိုက်တဲ့ အချိန်မှာ ဩော်- သူတို့ တကယ်ကြိုးစားပြီး အပင်ပန်းခံ ရိုက်ကူးခဲ့ပါလားဆိုတာ အသိအမှတ်ပြုခံရရင် ကျေနပ်ပါတယ်’’ဟုဒါရိုက်တာညိုမင်းလွင်က ရှင်းပြသွားသည်။

မင်းဟိဏ်း

ထို့နောက် ယခုဇာတ်ကား၌ တပ်ကြပ်ကြီးမျိုးချစ်အဖြစ် သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် မင်းဟိဏ်းအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ ‘‘ဆွေမျိုးမရှိ တစ်ကိုယ်တည်းသမားတစ်ဦးအနေနဲ့တပ်မတော်သားတွေကိုပဲ သံယောဇဉ်ထားရှိခဲ့တဲ့ ကွန်မန်ဒို တပ်စုတပ်ကြပ်ကြီးအဖြစ် သရုပ်ဆောင်ခဲ့တဲ့အပြင် သေနတ်မှန်ထားပေမယ့် တာဝန်ကို အသက်စွန့်ပြီး ထမ်းဆောင်ခဲ့တဲ့ တပ်ကြပ်ကြီး တစ်ဦးအဖြစ် အားထည့် သရုပ်ဆောင်ထားပါတယ်’’ဟုသရုပ်ဆောင်မင်းဟိဏ်းက ပြောပြသည်။

ဆေးရုံရောက်

ထို့အပြင် ယခုဇာတ်ကား၌ ခက်ခက်ခဲခဲ သရုပ်ဆောင်ခဲ့ရာတွင် ချောင်းဖြတ်ကူး တိုက်ပွဲခန်းမှာ အအေးလွန်ကဲနေသည့်အချိန် ရေထဲလေးနာရီခန့်ဆင်းကာ သရုပ်ဆောင်ခဲ့မှုကြောင့် ဆေးရုံရောက်ခဲ့ရသည်အထိ မင်းဟိဏ်းကြိုးစားခဲ့ကြောင်း သိရသည်။

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်ကား၌ သရုပ်ဆောင်မှုအပေါ် မေးမြန်းရာတွင် ‘‘ကျွန်တော့်အဖေက တပ်မတော် အငြိမ်းစားတစ်ဦးပါ။ ငယ်စဉ်ကတည်းက တပ်ထဲမှာနေထိုင်ခဲ့ဖူးတာမို့ တပ်မတော်သား ဘဝကို စိတ်ဝင်စားတယ်။ တပ်မတော်သားအဖြစ် အခုလို သရုပ်ဆောင်ရတာ ဝါသနာလည်း ပါတယ်။ မိမိတတ်တဲ့ အနုပညာနဲ့ တိုင်းပြည်အတွက် တာဝန်တစ်ခု ပေးဆပ်လိုက်ရတာမို့ ကျေနပ်ပါတယ်။ ဒီဇာတ်ကားမှာ တပ်မတော်သား အချင်းချင်း သံယောဇဉ်၊ သစ္စာတရား၊ ချစ်ခင်မှု၊ တာဝန် ကျေပွန်မှုနဲ့ အမိန့်နာခံမှုတွေ အကုန် လေးလေးနက်နက် သရုပ်ဆောင်ခဲ့ပါတယ်’’ဟုသရုပ်ဆောင် မင်းဟိဏ်းက ရှင်းပြသည်။

တပ်ကြပ်ကြီးမျိုးချစ်အဖြစ် မင်းဟိဏ်း၏သရုပ်ဆောင်ဟန်။

ထို့အပြင် ယခုဇာတ်ကား၌ မှတ်မှတ်ရရရှိသော သရုပ်ဆောင်မှုနှင့် ပြောစကားများကို မေးမြန်းရာ ‘‘ကျွန်တော်တို့စစ်ကြောင်း ရွာထဲဝင်တဲ့အခါ ရွာသားတွေအကုန် ကြောက်လန့်ပြီး ပုန်းခဲ့ကြတယ်။ အဲဒီမှာ ရွာလူကြီးတစ်ဦးရဲ့ အိမ်ကိုဝင်ပြီး ပုန်းနေတဲ့ ရွာလူကြီးကို ကျွန်တော်တို့ ရှမ်းစကားနဲ့ ပြောကြားခဲ့တာပါပဲ။ ရှမ်းစကားပြောတတ်တာကို အဲဒီရွာလူကြီး အံ့သြပြီး မင်းတို့စစ်ကြောင်းမှာ ရှမ်းစကားပြောတတ်တဲ့ လူတွေပါလားလို့မေးတာကို ကျွန်တော်က ဒီစစ်ကြောင်းမှာ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံပါဝင်တယ်လို့ ဖြေလိုက်တာကို အဲဒီရွာလူကြီး အံ့သြသွားတဲ့အခန်းနဲ့ နောက်ဆုံးအချိန်အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့အခန်းတွေပါပဲ’’ဟု သရုပ်ဆောင်မင်းဟိဏ်းက ဆက်လက်ရှင်းပြသည်။

ထုတ်လွှင့်

ထို့ကြောင့် အချစ်၊တပ်မတော်သားများဘဝနှင့် တိုက်ပွဲခန်းများကို တဝကြီးကြည့်ရှုရမည့် (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် ‘‘**သစ္စာမော်ကွန်း**’’ ဇာတ်ကားကို မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြားတို့၌ မကြာမီ ထုတ်လွှင့်တော့မည် ဖြစ်ပါကြောင်း။ ။

ရိုက်ကွင်း၌ ဇာတ်ဝင်ခန်းကို ဒါရိုက်တာညိုမင်းလွင်က ဤသို့ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

တပ်မတော်သားတို့၏ ရှေ့တန်းစစ်မြေပြင် လှုပ်ရှားမှုကို ဖော်ကျူးထားသည့် သစ္စာမော်ကွန်း ဇာတ်ဝင်ခန်းမြင်ကွင်း။

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆို ဂုဏ်ပြုရိုက်ကူးထားသည့် “သစ္စာမော်ကွန်း” အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့တွင် ထုတ်လွှင့်ပေးတော့မည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးအတွက်
မဲစာရင်း ကောက်ယူပြုစုမှုလုပ်ငန်း အကောင်အထည်ဖော် တိကျမှန်ကန်စေရေးအတွက် စာရင်းဇယားများစိစစ်ပြုစု

ရန်ကုန် မတ် ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေသည် ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဦးစီးဌာနမှူးရုံးကွပ်ကဲမှုအောက်ရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများ၊ ဝန်ထမ်းများ၊ ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား တွေ့ဆုံသည်။ (အောက်ပုံ)

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက ရန်ကုန်တိုင်းအတွင်း အိမ်ထောင်စု လူဦးရေစာရင်း ကောက်ယူမှု၊ နိုင်ငံသား စိစစ်ရေး ကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်မှု၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပနိုင်ရေးအတွက် မဲစာရင်းကောက်ယူပြုစုမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝေးလံခေါင်သီဒေသများ အပါအဝင် ပြည်နယ်နှင့်တိုင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်မှု၊ အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူပြုစုမှုနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပနိုင်ရေးအတွက် မဲစာရင်း ကောက်ယူပြုစုမှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းများတိကျမှန်ကန်စေရေးအတွက် ကိန်းဂဏန်း စာရင်းဇယားများကို အမြဲမပြတ် စိစစ်ပြုစုရေးနှင့် လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မီးဘေးလုံခြုံရေး၊ ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းများကို ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ရေး၊ မီးဘေးကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအားလုံးသည် ရည်မှန်းချက်တာဝန်များ ကျေပွန်စွာ ဆောင်ရွက်ကြရေး အပြင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာအခန်းကဏ္ဍက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့် အတူလက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ညောင်ရိုပ်သာ ဓမ္မဗိမာန်အတွက် လှူဒါန်း

ရန်ကုန် မတ် ၂၁

သာကေတမြို့ ၁၀၈တောင် ဘုရားကြီးအနီး ညောင်ရိုပ်သာတရားစခန်းတွင်သင်္ကြန်တွင်းသင်္ကြန်အကြိုခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းဖွင့်၍ လယ်တီဆရာတော်ကြီး၏ ကာယနုပဿနာနှင့် ဓာတုမနသိကာရနည်းအရ ပဓာနနာယက အရှင်ကေသရာ ဘိဝံသဆရာတော်က (၄၄-၄၅) ကြိမ်မြောက်တရားပြလျက်ရှိရာ တိုးချဲ့ ဓမ္မဗိမာန်ကျောင်းတော်ကြီးနှင့် ဆွမ်းဝေယျာဝစ္စအတွက် ဗိုလ်တထောင်မှ ဦးလင်စွန်းဟန်အားရည်စူး၍ ဇနီး ဒေါ်ခင်လှနှင့် သမီး ဒေါက်တာ ဒေါ်စန်းစန်းရီ၊ အဒေါ်ဒေါ်စောရီ အောင်ချမ်းသာကငွေကျပ်လေးသိန်း၊ ဦးမောင်ဝင်း၊ ဒေါ်ခင်ထား၊ သား ဦးပြည်စုံ ဒုလ္လဘရဟန်းမိသားစု၊ ၁၀/မြောက် ရတနာပုံတိုက်က ငွေကျပ်လေးသိန်း၊ ဦးစန်းငွေအား ရည်စူး၍ ဇနီးဒေါ်လှဝင်း၊ သားသမီး၊ မြေးတစ်စု မြင်တော်သာလမ်းမ (သမ္မတ)က ငွေကျပ်သုံးသိန်း၊ ဦးမျိုးခိုင်-ဒေါ်နေခြည်၊ သမီး ဆုမြတ်သိရီ၊ မသက်ဝတီနှင်းမိသားစု ရတနာပုံတိုက် သာကေတက ငွေကျပ်တစ်သိန်းငါးသောင်း အသီးသီး လှူဒါန်းကြသည်။ ဓမ္မဗိမာန် တရားစခန်းနှင့် ဆွမ်းဝေယျာဝစ္စ အလှူရှင်များ ဖုန်း-၅၄၇၀၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၈(စနေနေ့)

AM & PM

၇း၀၀	- ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	- ၁း၀၅	နှစ်သစ်မင်္ဂလာရက်ရာဇာ တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၈း၀၅	- ၂း၀၅	သမိုင်းထဲက မင်းရာမ ကြည်ညိုဖူးမြော် စေတီတော်
၈း၂၀	- ၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅	- ၂း၄၅	ကျန်းမာရေးကဏ္ဍ တီဘီရောဂါပပျောက်ဖို့ တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံးနှင့် ကုသကြပါစို့ (ဒေါက်တာအောင်ကျော်လင်း၊ ဒေါက်တာကျော်မြင့်ဦး)
၉း၀၅	- ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	- ၃း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (အသားစဉ်ကြော်)
၉း၃၀	- ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅	- ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	- ၃း၄၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၉း၅၅	- ၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	- ၄း၀၀	Summer Time
၁၀း၂၀	- ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	- ၄း၂၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၁၀း၄၀	- ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	- ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	- ၄း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၁၀	- ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀	- ၅း၂၀	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပ လိုဏ်ဂူမှာ
၁၁း၅၀	- ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅	- ၅း၅၅	50th Grammy Awards 2008
၁၂း၂၅	- ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀	- ၆း၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၈)
၁း၀၀	- ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Tottenham-Portsmouth	ESPN (Live)
၉း၂၅	Newcastle-Fulham	ESPN (Live)
	Aston Villa-Sunderland	Star Sports (Live)
၁၁း၄၀	Everton-West Ham	Star Sports (Live)
၁၂း၀၀	Bolton-Man City	ESPN (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Inter Milan-Juventus	5-Cartoons (Live)

အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အမှာစကားပြောကြား

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့နံနက် ၈နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသော အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းကြီးဖြစ်သည့် လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးစီမံချက်များကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အတွက် အားထားရမည့် အားကစားသမားကောင်းများကို ရှာဖွေမွေးထုတ်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်းများမှ တင်ပြချက်များအပေါ် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများက ရှင်းလင်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဿနိကဗေဒဌာန၌ ငါးနှစ်ကျော် တာဝန် ထမ်းဆောင်ခဲ့ပြီး အသက်(၆၅)နှစ်ပြည့် ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲကို မတ် ၁၅ရက်က ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးသန်းအောင်က အလှူရှင်တစ်ဦးအား ဂုဏ်ပြုလွှာ ပေးအပ်စဉ်။

(က-ပ)

ကြို့ခင်းမြို့နယ်အသင်း ရွှေရတုနိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၂၁

ကြို့ခင်းမြို့၌ နှစ်စဉ်ကျင်းပလျက်ရှိသောနိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၁၇ရက်(နှစ်ဆန်းတစ်ရက်)တွင် နှစ်(၅၀) ပြည့် ရွှေရတု နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ကျင်းပမည်ဖြစ်သဖြင့် ကြို့ခင်းမြို့နယ်အသင်း (ရန်ကုန်)မှ စတုဒိသာ သွားရောက် ကျွေးမွေးလှူဒါန်းကြမည် ဖြစ်သည်။

နိဗ္ဗာန်ဈေးပွဲတော်သို့ လိုက်ပါလိုသော အသင်းသူအသင်းသားနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဧပြီ ၃ရက်နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင် (ငြိမ်း) ဖုန်း-၆၃၆၇၈၁၊ အတွင်းရေးမှူး ဦးစိန်ဌေး ဖုန်း-၆၆၃၄၈၉၊ ၀၉-၅၁-၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်အေးအေးညွန့် ဖုန်း-၆၅၁၂၄၇၊ ၀၉-၉၉-၇၃၆၂၀၊ ဒေါက်တာကျော်စိုးလင်း ဖုန်း-၀၉-၅၁-၉၅၈၃၅တို့သို့ ဆက်သွယ် အကြောင်းကြားနိုင်ကြောင်း သိရသည်။

(က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်း အသင်းဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မတ်၁၉ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်း မြစ်သားမြို့ ဝါကြိတ်စက်ရုံဝင်း၌ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ကျောက်ဆည်ခရိုင်နှင့် မြစ်သားမြို့နယ် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်ဖက်မိဘများနှင့် သားငယ်လေး ကိုသန်းထွင့်(နိုင်ငံခြားရေး)အား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် ကွင်းကျောင်း(၂)လမ်း အမှတ် ၈ နေ ဦးကိုကြီး-ဒေါ်သန်းသန်းဦး၊ သမီး ဒေါ်တင်တင်သန်း၊ သား ဦးမျိုးသန်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကကျောင်း အနုနာယကဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ရခိုင်ပြည်နယ်ရှိ လမ်းတံတားများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မတ် ၁၈ရက်က မင်းဘူး-အမ်း လမ်းတစ်လျှောက်ရှိ လမ်းတံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် နတ်ရေကန် ရှောင်ကွင်းလမ်းအတိုင်း မိုင်တိုင်အမှတ်(၁၉/၀)ရှိ လမ်းစခန်းရှင်းလင်းဆောင်၌ တာဝန်ခံ အင်ဂျင်နီယာမှူး ဦးတိုးခိုင် မင်းဘူးခရိုင်က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နတ်ရေကန်ရှောင်ကွင်းလမ်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့သို့ ဆက်သွယ် ဖောက်လုပ်ထားသည့် အမ်းတောင်ကြားလမ်းမှ တစ်ဆင့် မိုင်တိုင်အမှတ်(၆၄/၇)ရှိ ကြက်ရေစမ်း စခန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဘစောက မိုင်တိုင်အမှတ်(၆၁/၀)မှ (၈၈/၀)မိုင်အထိ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမ်း-ပဒဲကြောလမ်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအုန်းလွင်က မိုင်တိုင်အမှတ်(၈၈/၀)မှ(၉၇/၂)မိုင်အထိ လုပ်ငန်းများဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက မိမိတို့ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းအလိုက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို စနစ်တကျဖြင့် အဖွဲ့ခွဲ၍ တစ်ပြိုင်တည်းဆောင်ရွက်ကြရန် မှာကြားသည်။

ပံ့ပိုးပေး

ယင်းနောက် ဝန်ကြီးသည် အမ်းမြို့အဝင် သယု(ပဲပဒုံ)တံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဆွေက တံတား တည်ဆောက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က တံတားဆောက်လုပ်မည့် လျာထားနေရာနှင့် တည်ဆောက်မည့် တံတားပုံစံတို့ကို ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြား၍ ဖြည့်စွက်ပံ့ပိုးပေးကြောင်း သိရသည်။

(သတင်းစဉ်)

တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသည် မတ်၁၅ရက် နံနက်ပိုင်းက မကွေးတိုင်း သရက်ခရိုင် ကျောက်ပန်းတောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ကျောက်ပန်းတောင်း၊ ကျားသေ၊ စပ်များ၊ သပြေပင်၊ ညောင်ပင်ဝိုင်း၊ စခန်းကြီး၊ လက်ပတန်း၊ သံချိပ်ကျေးရွာတို့မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် အလှူငွေ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသည် အောင်လံမြို့နယ် ပြလို့ကျေးရွာသို့ ရောက်ရှိပြီး ပြလို့ရှိ ရှစ်မျက်နှာ ကျောင်းတိုက်ဆရာတော် မြို့နယ်သံဃာ့ဝန်ဆောင် ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တ နန္ဒအား ဖူးမြော်ကန်တော့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသည် သာသနာ့ ဗိမာန်တော်၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ ပြလို့ကျေးရွာအုပ်စု ၁၃အုပ်စုမှပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြလို့ကျေးရွာ မူလတန်းကျောင်းဆောင်သစ် အတွက် ဘိလပ်မြေ အိတ်၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသည် သရက်ခရိုင် အောင်လံမြို့ရှိ အောင်မြေရွှေဝါခန်းမ၌ ခရိုင်နှင့်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းသည် သရက်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်အတွင်းရှိ သရက်၊ ကံမ၊ မင်းတုန်း၊ မင်းလှမြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၁

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းတည့်၁၂နာရီက ရန်ကုန်စီးပွားရေးတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့် ပါမောက္ခဌာနမှူးများက သင်ကြားရေးဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အရည်အသွေးပြည့်မီအောင် ကြိုးပမ်းသင်ကြားပေးရေးနှင့် စည်းကမ်းထိန်းသိမ်းမှုကောင်းမွန်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ခံပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများအားတွေ့ဆုံ၍ တာဝန်ခံပါမောက္ခချုပ်ဦးဆန်းနှင့် ပါမောက္ခဌာနမှူးများက လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် သင်္ဃန်းကျွန်းပညာရေးကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားလည်းကောင်း၊ ရန်ကင်းပညာရေးကောလိပ် မြတ်ပညာခန်းမ၌ ဆရာ ဆရာမများအားလည်းကောင်း တွေ့ဆုံမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကိုးမိုင် ယိုးဒယားလမ်းနေ ဦးလှဘော်-ဒေါ်အေး၊ ဦးပေါ်-ဒေါ်အုန်းခင်တို့အား ရည်စူး၍ ဦးမောင်ဖေ - ဒေါ်လှမေမြင့် မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ မတ် ၉ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

စာရေးဆရာ ဆရာမြ၏ အထွေထွေသုတအက်ဆေးစာအုပ်ဖြန့်ချိ

ရန်ကုန် မတ် ၂၁



စာရေးဆရာ ဆရာမြ၏မြတ်ဗုဒ္ဓ၊ အက်ဖ်အေ ပရီမီယာလိဂ် ဘောလုံးသမိုင်းနှင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် မဖြစ်အောင်နေပါ အပါအဝင် အင်္ဂလိပ်-မြန်မာ အထွေထွေသုတ အက်ဆေးဆောင်းပါးများ စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ စာအုပ်တွင် မြတ်ဗုဒ္ဓ၊ အက်ဖ်အေ ပရီမီယာလိဂ်ဘောလုံးသမိုင်း၊ ဆေးရုံ၊ ပင်လယ်ရေထဲဆားခတ်သူ၊ ရွှေချစ်သူများ၊ ရောဂါပိုးကိုသေစေသော ပဋိဇီဝဆေး၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် မဖြစ်အောင်နေပါ စသည့်ဆောင်းပါး ၁၁ပုဒ်ကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။

စာရေးသူ၏ ကမ္ဘာ့ဖလားသမိုင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကျောင်းသားလူငယ် ကမ္ဘာ့အထွေထွေသုတ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ၂၀၀၇ခုနှစ် ဇွန်လတွင် ထုတ်ဝေဖြန့်ချိခဲ့ပြီးဖြစ်သည်။

စာရေးသူသည် ၂၀၀၅ခုနှစ်တွင် အငြိမ်းစားသံမှူးမြတ်ထွန်းဦး အမည်ဖြင့် အပြည်ပြည်ဆိုင်ရာ သံတမန်ဆက်ဆံရေးစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။ စာရေးသူသည် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၈၀ပြည့်နှစ်မှစတင်၍ သံအရာရှိ၊ လက်ထောက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး တရုတ်၊ ထိုင်း၊ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ရှိ မြန်မာနိုင်ငံသံရုံး အသီးသီးတွင် တတိယအတွင်းဝန်၊ ဒုတိယအတွင်းဝန်၊ ပထမအတွင်းဝန်နှင့် သံမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဒုတိယညွှန်ကြားရေးမှူး အဆင့်အထိ တာဝန်ထမ်းဆောင်၍ အငြိမ်းစားယူခဲ့သူ ဖြစ်သည်။ ယခုအခါ မြန်မာအားကစားသတင်းနှင့် မြန်မာအားကစားဆောင်းပါးများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး English Version ဖြင့် Websiteတွင် တစ်ပတ်နှစ်ကြိမ် ရေးသားလျက်ရှိသည်။

အဆိုပါ စာအုပ်ကို မြတ်ထွန်းဦး စာပေအခန်း(၅) တိုက်(၁၇၀/၂) ပထမသီရိရိပ်သာ အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၃၈၆၊ ၂၂၅၆၈၅တို့က ပုံနှိပ်ဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ထမ်းသီးသန့် တရားစခန်းဖွင့်မည်

နေပြည်တော် မတ် ၂၁

နေပြည်တော် ပျဉ်းမနား ပန်းခင်းကွက်သစ် ပင်မလမ်း ဘုရားကြီးတောရကျောင်း ရွှေပြည်အေးမဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဓမ္မပါလသည် သကြင်္ကန်ရုံးပိတ်ရက်အတွင်း ဝန်ကြီးဌာနအသီးသီးရှိ ရုံးဝန်ထမ်းများအတွက် ခုနစ်ရက် အလုပ်ပေး တရားစခန်းပွဲကို ဧပြီ ၁၁ရက်မှစ၍ ဧပြီ၁၈ရက်အထိ ပထမအကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။

ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသူများ ဧပြီ ၁၁ရက် ညနေ၃နာရီ အရောက်လာကြရမည်ဖြစ်ပြီး ကြိုတင်စာရင်းပေးသွင်းရန်နှင့် လှူဒါန်းလိုသူများ ဖုန်း-၀၆၇-၂၃၀၄၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂိုဒေါင်ငှားမည်

လှိုင်သာယာစက်မှုဇုန်(၂)မှ ၁ ဒသမ ၁ ဧကမြေပေါ်ရှိ ပေ ၉၀ X ပေ ၁၆၀ ဂိုဒေါင်နှင့် ပေ၂၀Xပေ ၄၀ ဂိုဒေါင် နှစ်လုံး၊ ဖုန်း၊ 315 KV ထရန်စဖော်မာ၊ ရေ၊ မီး၊ ဖုန်း၊ ဂျိုးဖြူ အပါအဝင် ငှားမည်။

လိပ်စာ-No.77 ၊ မြတောင်ဝန်ကြီး ဦးမှိုလမ်းနှင့် ဦးချိန်လမ်းထောင့်၊ စက်မှုဇုန်အပိုင်း(၂) လှိုင်သာယာ၊ ဖုန်း-၆၈၁၄၁၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၂၁၇၉၂ Hi Bird M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ မှတ်ပုံတင်အမှတ် ၉/အမဇ(နိုင်)၀၀၂၃၂၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

ယနေ့ မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေး ဖြစ်သည်

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သဃ်န်းကျွန်းမြို့နယ်တရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၄

၁။ ဦးတင်အောင် **နှင့်** ၁။ ဦးကျော်ငြိမ်း
၂။ ဒေါ်အုံးကြည် ၂။ ဒေါ်မြသွင်
(၎င်းတို့၏ကိုယ်စားလှယ်
လွှဲစာရသူ ဦးခင်သန်းမောင်)

တရားလိုများ **တရားပြိုင်များ**

(၁)တရားပြိုင် ဦးကျော်ငြိမ်း (၂)တရားပြိုင် ဒေါ်မြသွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် (စ)သုမင်္ဂလာရပ်ကွက်၊ ဦးစံဖေလမ်း ခြံအမှတ်(၂၀)နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းစာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်လည်းကောင်း၊ ရှေ့နေနှင့်ပါ၍ဖြစ်စေ၊၂၀၀၈ခုနှစ် ဧပြီ ၂၄ရက်(၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၄ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။

၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်စိုးညွန့်
ဒုတိယမြို့နယ်တရားသူကြီး(၁)
သဃ်န်းကျွန်းမြို့နယ်တရားရုံး။

အမည် ပြည့်စွက် ခေါ်ပါရန်

ဦးသက်ဝင်း၏သမီး မမေဖူးမွန် ၉/လဝန(နိုင်)၁၇၁၆၈၂ကို ယနေ့မှစ၍ မမေဖူးမွန်(ခ)မဖူးပွင့်သော်ဟု ပြည့်စွက်ခေါ်ပါရန်။

မမေဖူးမွန်(ခ)မဖူးပွင့်သော်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါများ(Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	12(T)35/MR(MC)	AAR Coupler Knuckle(China)	200 Nos
	2007-2008	AAR Coupler Knuckle(Korea)	100 Nos
		AAR Coupler Knuckle(Yugo)	100 Nos

တင်ဒါပိတ်ရက်နှင့်အချိန် - ၃၀-၄-၂၀၀၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂:၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀-၃-၂၀၀၈ရက်မှစ၍ ရုံးချိန်တွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၈၂၊ ၂၉၁၉၈၅၊(၂၀၁၅၅ လိုင်းခွဲ-၆၀၁၊ ၆၀၅)။

အမွေပြတ် စွန့်လွှတ်ခြင်း

မောင်ရန်ရှင်း ၇/သနပ (နိုင်) ၀၇၃၈၂၇သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) **ဦးသန်းဖေ ၇/သနပ(နိုင်)၀၁၇၉၇၇။**

အမွေပြတ် စွန့်လွှတ်ခြင်း

မောင်နေလင်းထိုက် ၇/သနပ (နိုင်)၀၉၁၁၇၁သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) **ဦးသာဆန်း၇/သနပ(နိုင်)၀၁၁၇၆၈။**

အမွေပြတ် စွန့်လွှတ်ခြင်း

မောင်ဇင်မင်းထက် ၇/သနပ(နိုင်) ၀၈၅၆၂၃သည် မိဘများ၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိမိဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးမြင့်ဦး ၇/သနပ(နိုင်)၀၁၈၃၈၄။**

အဆင့်မြင့်(မင်္ဂလာဈေး)ဈေးရောင်းပွဲတော် ဖွင့်လှစ်

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရွှေသရဖူမိသားစု ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ကျင်းပသော အဆင့်မြင့် (မင်္ဂလာဈေး)အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ရက် နံနက်၉နာရီက အဆိုပါမုခ်ဦးရှေ့၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အရှေ့ပိုင်းခရိုင်ခရိုင်မှူး ဦးမောင်မောင်အေးနှင့် ရွှေသရဖူမိသားစုရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါ်နွဲ့မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

ရောင်းချ

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် အလှကုန်ပစ္စည်းများ၊ ခေတ်မီဆန်းသစ်သော အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများကို ပွဲတော်လာ ပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် မတ်၁၉ရက်မှ ၂၃ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ည ၇နာရီအထိ ပြခန်းပေါင်း ၂၀၀ကျော်ဖြင့် ဖွင့်လှစ်ပြသ ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာ ရေစက်ရုံအမှတ်(၂)၌ Jiang Dong ဒီဇယ်အင်ဂျင်ဖြင့် အရေးပေါ်ရေဖြည့်တင်းရန် စီမံဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ၂၂ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမင်းစမ်းအေးတို့က ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သန်းအား ရှင်းလင်းတင်ပြစဉ်။ (၀၇၈)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၄-၃-၂၀၀၈ (တနင်္လာနေ့)

- ❑ "ဘာသာဆောင်းပါးများပို့ချချက်"
  - ပထမနှစ် မြန်မာစာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ English Literature Drama Michael (1)
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၅-၃-၂၀၀၈ (အင်္ဂါနေ့)

- ❑ English Literature Drama Michael (2)
  - ပထမနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Reported Speech
  - ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၆-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

- ❑ How to write a Summary
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Economic Development Concept and Measurements
  - ပထမနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၈-၃-၂၀၀၈ (သောကြာနေ့)

- ❑ Simple Linear Regression and Correlation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Free Trade Versus Protection
  - တတိယနှစ်၊ စီးပွားရေး၊ ပြည်သူ့ရေးရာ အထူးပြု ကျောင်းသား ကျောင်းသူများ

၂၉-၃-၂၀၀၈ (စနေနေ့)

- ❑ Legal forms and Business Organization
  - ပထမနှစ်၊ စီးပွားရေး၊ စီးပွားစီမံ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Cash-Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Double Entry and Book-Keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Elementary Accounting and Business Organization
  - ပထမနှစ် စီးပွားစီမံ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Erosion and Deposition by Wind
  - ပထမနှစ် ပထဝီဝင် အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Global Ocean
  - ပထမနှစ် ပထဝီဝင် အထူးပြုကျောင်းသား ကျောင်းသူများ
- ❑ Landform Classification
  - ပထမနှစ် ပထဝီဝင် အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Earth and its Movement
  - ပထမနှစ် ပထဝီဝင် အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ရှေးခေတ်ပုဂံပြည်
  - ပထမနှစ် အထူးပြု အားလုံး
- ❑ ထားဝယ်လုံချည်
  - ပထမနှစ် အထူးပြု အားလုံး
- ❑ ကိုလိုနီခေတ် မြန်မာစာပေ
  - ပထမနှစ် မြန်မာမှု အထူးပြု ကျောင်းသား ကျောင်းသူများ

၃၀-၃-၂၀၀၈ (တနင်္ဂနွေနေ့)

- ❑ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Clasfication of Constitution
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Military Law
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Civil Jurisdiction
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Juvenile Courts the Methods of Reformation
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Country Profile of ASEAN Members
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Nature of Environmental Law
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Maritime Liens
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Collision
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Motive Preparation and Previous or Subsequent Conduct
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Immunities
  - စတုတ္ထနှစ် ဥပဒေပညာ အထူးပြု ကျောင်းသား ကျောင်းသူများ



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်

● ရှေ့ဖုံးမှ

စဉ်ဆက်မပြတ်

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်တွင် နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြုဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့သည်။

ထုတ်ပြန်ကြေညာ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁ခုနှစ် အောက်တိုဘာ ၂၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အမျိုးအစား ၂၀တို့ကို အသစ်တီထွင် ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့်ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအားနှစ်စဉ်ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ရာ ယခုနှစ် ၁၃၆၉ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ရက်၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) အခါသမယတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

❐ ဘဝအမောပြေ စာ-၄

❐ ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ဖြစ်စဉ်
တိုး၏ သတင်းအက်ဆေး စာ-၅

❐ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ညစ်ညမ်းမှုများကြောင့် ပင်လယ်သတ္တဝါများ အသက်အန္တရာယ်ခြိမ်းခြောက်လာ စာ-၆

ရင်တသိမ့်သိမ့်ခံစားရမည့် “သစ္စာမော်ကွန်း” ရုပ်မြင်သံကြားဇာတ်လမ်း

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုထုတ်လွှင့်မည်

● တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ ❑ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) ●

ရန်ကုန် မတ် ၂၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ ရောက်ရှိတော့မည်။ တပ်မတော်နေ့ရောက်တိုင်း တပ်မတော်နေ့ကို ဂုဏ်ပြုသည့် ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပေးလျက်ရှိရာ လာမည့်(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရိုက်ကူးထားသည့် **“သစ္စာမော်ကွန်း”**အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်ပေးတော့မည်ဖြစ်သည်။ စာမျက်နှာ ၁၁ ကော်လံ ၁ *